# အစ္စလာမ်ဘာသာဝင်တို့ ခံစားယုံကြည်သော ဘုရားရှင်

"ဘုရား"ဟူသော ဝေါဟာရသည် အကြီးအကဲ သို့မဟုတ် ကြီးကဲမြင့်မြတ်သော ပုဂ္ဂိုလ် ဟု အနက်ရသည့် အိန္ဒိယဘာသာစကား "ဘရား" ဆိုသည်မှ ဆင်းသက် လာသည်ဟု ဆိုကြပေသည်၊ မည်သို့ပင် ဆိုစေကာမူ ဘာသာတရားတစ်ခုအား လက်ခံယုံကြည်သော သူတိုင်းက မိမိသက်ဝင်ယုံကြည်သော ကိုးကွယ်ရာ အရှင်ကို "ဘုရား"ဟုခေါ်ကြသည်မှာ ငြင်းနိုင်ဘွယ်မရှိပေ၊

ဘာသာစကားမတူညီမှုကြောင့် "ဘုရား" ဟု အဓိပ္ပါယ်သက်ရောက်သည့် ဘာသာစကား အသံထွက်မှာလည်း မတူညီကြပေ၊ ထို့အပြင် ဘုရားဟူသည်မှာ မည်သို့ဖြစ်သည်ဟူသည့် ခံစားယုံကြည်ချက်ခြင်းလည်း မတူညီကြပေ၊ သို့သော် အသံထွက်ခြင်း မတူညီမှု၊၊ ခံစားယုံကြည်ချက်ခြင်း မတူညီမှုကြောင့် "သူ့ဘုရား" "ငါ့ ဘုရား" မတူဘူး ဟူသော ဖွင့်ဆိုချက်များမှာ လွန်စွာ ခေတ်နောက်ကျပြီး လူသားချင်း ခွဲခြား ဆက်ဆံမှုကို အားပေးအားမြှောက် ဖြစ်စေသော လူတန်းစားခွဲခြားမှု၏ ရေသောက်မြစ်ဖြစ်ပေသည်၊

အမှန်တကယ်တွင် "ဘုရား" ဟုဆိုသော မြန်မာစကားသည် "ကိုးကွယ်ခြင်းခံထိုက်သောအရှင်" ဟု ဖြစ်ကြောင်း မြန်မာစကား ပြောသော သူများ အတွက် ထိုစကားလုံးတွင် အငြင်းပွားဘွယ် မရှိပေ၊ "ဘုရားရှင် ဆိုသည်၌ ခံစားယုံကြည်ချက်ခြင်းသာ" အမြင်ခြင်း ဖလှယ်နိုင်ရန် လိုအပ်ပေသည်၊

အစ္စလာမ် သာသနာဝင်များက "ဘုရားရှင်" ကို ကျမ်းမြတ်ကုရ်အံလာ အာရ်ဗီဝေါဟာရ"အလ္လာဟ်" ဟု ခေါ်တွင်ကြပြီး၊၊ အစ္စလာမ် သာသနာဝင်များ ခံစားယုံကြည်သော "ဘုရားရှင်" ဆိုသည်သည်နှင့် အခြားဘာသာဝင်များ ခံစားယုံကြည်သော "ဘုရားရှင်" ဆိုသော သဘောတရား ခြားနားမှုကြောင့် "အလ္လာဟ်" ကို စကားလုံး မဖလှယ်တော့ဘဲ တိုက်ရိုက်မွေးစားဝေါဟာရ အဖြစ် သုံးစွဲ ရေးသားကြပေသည်၊ ကျွန်ုပ်အနေဖြင့်လည်း မူရင်း အနစ်သာရ ပျောက်ပျက် သွားမည်ကို မလိုလားပါ၊၊ သို့သော် စကားလုံး မဖလှယ်ဘဲ ထားပြန်ကလည်း အစ္စလာမ်တို့ ယုံကြည်လက်ခံသော အလ္လာဟ် ဆိုသည်ကို ခရစ်ယံဘာသာက ပြန်ဆိုထားသော ထာဝရဘုရားနှင့် အတူတူပင် ဖြစ်သည်ဟု လည်းကောင်း၊၊ ကောင်းကင်ဘုံရှိ ရာဇပလ္လင်ပေါ်တွင် စိုးစံနေလျှက် လူ့ပြည်လူ့ရွာအား မိန့်ခြွေ လမ်းညွှန်နေသည့် မြန်မာတို့ နားလည်ထားသည့် နတ်ဘုရားကြီး ပုံစံမျိုးဟု လည်းကောင်း၊၊ အရာရာကို "ဥံ-ဖွ" ဖြစ်စေဟု ပဋ္ဌလက် ဆရာကြီးကဲ့သို့ ဖန်ဆင်းလေ့ရှိသော ဣဿရဖန်ဆင်းရှင် အဖြစ်လည်းကောင်း နားလည်ထားကြ သူများမှာ ထိုသို့လွဲမှားသော အထင်အမြင်ထဲမှ ကျွတ်လွတ်နိုင်ရန် အခွင့်အရေး နည်းပါး လှပေသည်၊

အစ္စလာမ်ဘာသာက လက်ခံယုံကြည်သော "ဘုရားရှင်" ဆိုသည်မှာ ပညတ္တိကာယ "ပညတ်ဖြစ်တည်မှု ခန္ဓာကိုယ်" မဟုတ်ပေ၊ ပရမတ္တကာယ "ပရမတ်အဖြစ်" ရှိနေပြီး မံသစက္ခုဖြင့် သိမြင်ခံစားနိုင်မှု (တိုင်းတာသတ်မှတ်မှုအမြင်)မှ ကင်းလွတ်ပေသည်၊ ထိုသို့ ပရမတ်အဖြစ် တည်ရှိ၍ သဗ္ဗညုတ ဉာဏ်စဉ်တော်၏ မူလအစ ဇစ်မြစ်တော် ဖြစ်ပေသည်၊ ထိုဉာဏ်စဉ်တော်သည် ပါရမီဖြည့်ဆီးရင့်သန်သော (ဉာဏ်စဉ်တော်ကိန်းဝပ်မှု ခံနိုင်ရည်စွမ်းရှိသော) ပုဂ္ဂိုလ်မြတ်များအား ခံနိုင်ရည်စွမ်းအလျှောက် ဉာဏ်စဉ်အဆင့်များကို ကိန်းဝပ်ပေးပေသည်၊ ထိုဉာဏ်စဉ်အဆင့်ပေါ်မူတည်၍ ဉာဏ်စဉ်တော်ရပုဂ္ဂိုလ်တို့အား ဉာဏ်စဉ်တော်ဆောင် (ရစူလ်)၊၊ သတင်းတော်ဆောင် (နဗီ)၊၊ နိမိတ်တော်ဆောင်များ၊၊ ရဟန္တာများ သောတာပန်များ စသည်ဖြင့် အဆင့်အဆင့် ခေါ်ဆိုပေသည်၊

အစ္စလာမ်ဘာသာဝင်တို့ ခံစားယုံကြည်သော "ဘုရားရှင်" ဆိုသည်ကို ကျွန်ုပ်တို့၏ နောင်တော်ဗုဒ္ဓဘာသာဝင်များ နားလည်ခံစားနိုင်ရန် ပမာပေးရှင်းပြရလျှင်-မဟာယန ဗုဒ္ဓဘာသာဝင်များ လက်ခံသော ဓမ္မကာယ "မူလဇစ်မြစ် တရားကိုယ်" ဆိုသည်နှင့် နီးစပ်မှုရှိသော်လည်း မဟာယနတို့၏ အယူအရ ဓမ္မကာယသည် လောကလူသားတို့အား ကယ်တင်ရန် အလို့ငှာ သံဘောဂကာယ (ဗောဓိသတ္တ) "လူသားဘုရား" အဖြစ် ခံယူကာ လောကသို့ ကြွလာသည်ဟု ဆိုထားသဖြင့်၊၊ လူသားဘုရားအဖြစ် လောက၌ ဝင်စားခြင်း မရှိသော ပရမတ်ဘုရားရှင် "အလ္လာဟ်" အား ဓမ္မကာယဟု ဘာသာ ပြန်ဆိုလျှင် အဓိပ္ပါယ် နီးကပ်မှု အားနည်းနိုင်မည် ဖြစ်သည်၊

ထေရဝါဒဆရာတော် နိုင်ငံကျော် ဓမ္မစေတီ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သမစိတ္တဘာသာကျမ်း သံဃာစစ်တမ်း အလင်းကျမ်း သံဃာဟုတ်မဟုတ် မေးခွန်းထုတ်ကျမ်း (ဂန္ဓမာပုံနှိပ် တိုက်မှထုတ်ဝေသည်)တွင် "လူကဖြစ်သော ဥပဇာဗုရား၊၊ ပုဂ္ဂလမိဌာန်ဗုရားတို့ကို ပါယ်၍ **ဗုဒ္ဓါန** ဗုရားအစစ် ဓမ္မမိဌာန် သဗ္ဗညုတဉာဏ် **နိယတ** အမြဲဗုရားကို ပြဦးအံ့၊ **လောကေ**၊၊ လောက၌၊၊ **ဓကောရေ**၊၊ တဆူသာလျှင်၊၊ **ဉပ္ပဇ္ဇန္တိ** ဖြစ်ကုန်၏၊၊ **ကိဳကာရဏံ** အဘယ်ကဲ့သို့နည်း ဟူမူကား၊၊ **မဟန္တ** ကြီးမြတ်သော **သဗ္ဗညုတဉာဏံ**၊၊ သဗ္ဗညုတဉာဏ်ကို အစိုးရသော ဓမ္မမိဌာန် နိယတ အမြဲဗုရားသည်၊၊ **ဂုဏာနံ** ဂုဏ်ပေါင်းတကာတို့၏ တည်ရာဖြစ်သော၊၊ **ဓေကန္တ** ထိုသဗ္ဗညုတအရှင် နိယတသခင် တဆူတည်း အမြဲဗုရားသည်သာလျှင် **ဟောတိ** ဖြစ်၏၊၊ **ဣတိ** ဤသို့ **ဂဏှိတဗ္ဗံ** ယူမှတ်အပ်၏၊" ဟူ၍လည်းကောင်း၊၊

သုံးဆယ်မြို့ ဘုရားဒကာ ဦးလူငယ် ရေးသားသော သဗ္ဗညုတစိန္တာမဏိကျမ်း စာမျက်နှာ (၂) တွင် "သဗ္ဗညုတ ဘုရားသခင်သည် အမိမရှိ အဘမရှိ ကိုယ်ထက်မြတ်သော သူမရှိ၊၊ ပါရမီဆယ်ပါးကိုမဖြည့် ဒါန သီလ ဘာဝနာ တို့ကို မပြုလုပ်ဘဲ၊၊ အလိုလို ဖြစ်တော်မူကြောင်း၊၊ သက်သေကား- **သယံ**၊၊ အလိုလို၊၊ **ဘူတံ**၊၊ ထင်ရှား၊၊ ဇာရတိ ဖြစ်တော်မူ၏၊၊ **သယံအဘိညာယ ကာရဏေသရန္တိ** ဆရာမိဘာကင်း၍ ဖြစ်သော ပါဠိသက်သေ၊၊ သဗ္ဗညုတဘုရား တဆူတည်း ဖြစ်ကြောင်း သက်သေခံပါဠိကား သာရတ္ထသင်္ဂဟကျမ်း၌ **ဗုဒ္ဓါနုပန၊၊ ဓကောရေ ဉပ္ပဇ္ဇန္တိ၊၊ ကိဳကာရဏံ၊၊ မဟံန္တတာရ၊၊ သဗ္ဗညုတဉာဏ ဂုဏာနံ၊၊ မဟန္တ ဟောတိ၊၊ ဓေကံတံရေ၊၊ ဂဏှိတဗ္ဗံ၊** ဗုဒ္ဓါနုပန ဘုရားမည်သည်ကား၊၊ **လောကေ** လောက၌၊၊ **ဓကောရေ** တဆူတည်းသာလျှင်၊၊ **ဉပ္ပဇ္ဇန္တိ** ဖြစ်ကုန်၏၊၊ **ကိဳကာရဏံ** အဘယ် ကဲ့သို့နည်းဟူမူကား၊၊ **မဟန္တ** ကြီးမြတ်သော **သဗ္ဗညုတဉာဏံ**၊၊ သဗ္ဗညုတဉာဏ်တော်သည် **ဂုဏာနံ** ဂုဏ်တို့၏ တည်ရာဖြစ်သော၊၊ **ဓေကံတံ** ထိုသဗ္ဗညုတဉာဏ် တဆူတည်းသာလျှင်၊၊ **ဟောတိ** ဖြစ်၏၊၊ **ဣတိ** ဤသို့ **ဂဏှိတဗ္ဗံ** ယူအပ်၏၊" ဟူ၍လည်းကောင်း ဖော်ပြ ထားကြပေရာ၊

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထိုထေရဝါဒ ဗုဒ္ဓဘာသာ ဆရာတော်များ ရှင်းထားသည့် သဗ္ဗညုတဘုရားရှင် ဆိုသည်မှာ ပရမတ်ဘုရားဖြစ်၍ လူသားပညတ်ဘုရား။ ဥပဇာ ဘုရားများနှင့် မသက်ဆိုင်ပေ၊ ထိုပရမတ်ဘုရားရှင်က လူသားအဖြစ် ဝင်စား၍လောကသို့ ကြွလာတော် မူသည်ဟုလည်း မဟာယန ဗုဒ္ဓဘာသာ ကဲ့သို့ ခံယူထားသည်ကို မတွေ့ရပေ၊ လောကလူသားမှ ပွင့်ပေါ်သော ဘုရားများမှာ ထိုပရမတ် ဘုရားရှင်မှ ချီးမြှင့်သော ဉာဏ်စဉ်တော် ကိန်းဝပ်ခြင်းကို ခံရသည့် လူသားစင်စစ်များ (ဘုရားကပြားများမဟုတ်) ဖြစ်ကြောင်းကို သဗ္ဗညုတ စိန္တာမဏိကျမ်း စာမျက်နှာ (၁၅)တွင် "ရှင်ဂေါတမဘုရား သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူသကဲ့သို့ အခြားစကြာဝဠာများမှာလည်း ရှင်ဂေါတမ အရှင်မြတ်ကဲ့သို့ သဗ္ဗညုတ ကိန်းအောင်း၍ ပွင့်တော်မူသော ဘုရားပေါင်းကား အနန္တပင်ရှိချေမည်၊" ဟုလည်းကောင်း။ စာမျက်နှာ (၁၇) တွင် "မနိမဥ္ဇူဋီကာကျမ်း၌—**သဗ္ဗညုတဉာဏ်**။ သဗ္ဗညုတဉာဏ်တော်ကို **ပဋိလာဘ** ရခြင်းကြောင့် **တဿ** ထိုခန္ဓာငါးပါးအစဉ်ကို **ဗုဒ္ဓေါတိ** ဘုရားဟူ၍ **ပညတ္တတ္တာ** ပညတ် သည်၏ အကြောင်းကြောင့်တည်း" ဟုဆိုထားပေသည်၊

အစ္စလာမ်ဘာသာတွင်မူ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိသော ပုဂ္ဂိုလ်မြတ်တို့အား ပညတ်ဘုရား ဟူ၍မခေါ်ဆိုပေ။ ဉာဏ်စဉ်တော်ဆောင် (ရစူလ်)။ သတင်းတော်ဆောင်(နဗီ) များဟုခေါ်ပေသည်၊ လူသား ဉာဏ်စဉ်တော်ဆောင်များကို ပညတ်ဘုရားဟု မခေါ်ဆိုသော်လည်း အစ္စလာမ် ဘာသာက လက်ခံသော အလ္လာဟ် ဆိုသည်မှာ ထိုဆရာတော်ကြီးများ ရှင်းပြသော ပရမတ်ဘုရားရှင်နှင့် အနစ်သာရခြင်း အလွန်နှံအလွန် နီးစပ်လှပေသည်၊

ဌေးလွင်ဦး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com